ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၅၆/ ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအား သတ်မှတ်ထုတ်ပြန်ခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၆ - ၁၁ - ၁၉၉၉ ရက်စွဲပါ အမိန့်အမှတ် ၁၀/၁၉၉၉ ဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့ခွင့်မပြုသည့် ပစ္စည်း ၃၁ မျိုးနှင့် နယ်စပ်ဒေသများမှ တင်ပို့ခွင့်မပြုသည့်ပစ္စည်း ၃၂ မျိုး သတ်မှတ်ထုတ်ပြန်ခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ကုန်စည်အချို့အား ဖြေလျှော့တင်ပို့ခွင့်ပြုခဲ့ရာ တင်ပို့ခွင့်မပြုသောပစ္စည်း ၁၅ မျိုးသို့ ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

၂။ အဆိုပါ တင်ပို့ခွင့်မပြုသောပစ္စည်းအချို့အား အမိန့်အမှတ် ၁/၂၀၁၁ နှင့် ၁၄/၂၀၁၄ တို့နှင့် အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၆ ၊ ၄၉/၂၀၁၇ နှင့် ၇/၂၀၁၈ တို့ဖြင့် အသီးသီး ဖြေလျှော့တင်ပို့ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ယခုအခါတွင် အမိန့်အမှတ် ၁၀/၁၉၉၉ ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့သည့် ပစ္စည်းများအနက် ပင်လယ်ရေကြောင်းမှလည်းကောင်း၊ နယ်စပ်ကုန်သွယ်မှုမှလည်းကောင်း၊ လေကြောင်းမှလည်းကောင်း ပြည်ပသို့တင်ပို့ခွင့်မပြုသောပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သတ်မှတ်ထုတ်ပြန်လိုက်သည် -

**တွင်းထွက်ပစ္စည်းနှင့်ဓာတ်သတ္တုပစ္စည်းများ**

(က) စိန်၊

( ခ ) ရေနံစိမ်း၊ (အမိန့် ၁၀/ ၁၉၉၉ တွင် “ရေနံ”)

**တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ**

( ဂ ) ဆင်စွယ်၊

(ဃ) ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များ၊

**အထွေထွေကုန်ပစ္စည်းများ**

( င ) လက်နက်ခဲယမ်းမီးကျောက်၊

( စ ) ရှေးဟောင်းပစ္စည်းများ၊

၄။ သက်ဆိုင်ရာတည်ဆဲဥပဒေအရ ပြည်ပသို့ တင်ပို့ခွင့်မပြုသောပစ္စည်းများသည် ပြည်ပသို့ တင်ပို့ခွင့်မပြုသောပစ္စည်းများအဖြစ် တည်ရှိပါသည်။

၅။ ဤအမိန့်ကြော်ငြာစာဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်စွဲပါ အမိန့်အမှတ် ၁၀/၁၉၉၉ အား လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက- ၁၁ / ၂ - ၃၇ / ၂၀၂၀ ( ၂၉ )
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } **မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်**

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

( ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မြင့်လွင် )

ညွှန်ကြားရေးမှူးချုပ်